GSS

ပစ္စည်းသွင်းသူများအတွက် နိုင်ငံတကာစံနှုန်းများ

# ပစ္စည်းသွင်းသူအားလုံးသည် အောက်ပါတို့ကို လိုက်နာရမည်-

HANES
Brands Inc

## အလုပ်ခန့်အပ်မှုဆိုင်ရာ လက်တွေ့လိုက်နာကျင့်သုံးမှုများ-

HanesBrands သည် ဝန်ထမ်းများအပေါ် သမာသမတ်ကျကျ၊ မျှမျှတတဖြင့် လေးစားစွာ ဆက်ဆံမည်ဟု အခိုင်အမာ ကတိပြုထားပါသည်။ ကျွန်ုပ်တို့နှင့်အတူ လုပ်ငန်းဆောင်ရွက်နေသည့် ပစ္စည်းသွင်းသူများအနေဖြင့်လည်း ဤသို့ ကတိပြုဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ထားပါသည်။ ပစ္စည်းသွင်းသူများအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် စည်းကမ်းများကို လိုက်နာရမည့်အပြင် လူသားအားလုံးအတွက် အခြေခံ လူ့အခွင့်အရေးများကိုလည်း ပံ့ပိုးပေးရန် လိုအပ်ပါသည်။

## ကလေးလုပ်သား-

ပစ္စည်းသွင်းသူများသည် ဒေသက သတ်မှတ်ထားသော ကျောင်းတက်ရမည့် အရွယ် သို့မဟုတ် ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတွင် တရားဝင် အလုပ်လုပ်ခွင့် မရှိသေးသည့် အသက်အရွယ်အတွက် သတ်မှတ်ချက်ကို ချိုးဖောက်ပြီး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အလုပ်မခန့်အပ်ရ။ ထို့အပြင် မည်သို့ပင်ဖြစ်နေစေကာမူ ပစ္စည်းသွင်းသူများသည် ကြော်ငြာ သို့မဟုတ် မီဒီယာများတွင် သရုပ်ဆောင်ရန် သက်ဆိုင်ရာ ကလေးလုပ်သား သတ်မှတ်ချက်များဖြင့် ကာကွယ်ထားခြင်းခံရသည့် ကလေးသရုပ်ဆောင်များနှင့် မော်ဒယ်များမှလွဲ၍ အသက် ၁၅ နှစ်အောက် မည်သည့်လုပ်သားကိုမျှ အလုပ်ခန့်အပ်ခြင်း မပြုရ။

## နစ်နာကြေး-

ပစ္စည်းသွင်းသူများသည် အနည်းဆုံး လုပ်အားခ၊ အိုဗာတိုင်ကြေး၊ ခံစားခွင့်များနှင့် အကျိုးခံစားခွင့်များနှင့် ပတ်သက်သည်များ အပါအဝင် သက်ဆိုင်ရာ နစ်နာကြေး ဥပဒေများနှင့် စည်းမျဉ်းအားလုံးကို လိုက်နာရမည်။ ပစ္စည်းသွင်းသူများသည် သတ်မှတ်ထားသည့် အနည်းဆုံး နစ်နာကြေး သို့မဟုတ် လုပ်ငန်းတွင် လက်ရှိကျင့်သုံးနေသော နစ်နာကြေး (ပိုမိုမြင့်သည့် နစ်နာကြေးကို) ပေးရမည်။

အလုပ်လုပ်သူတိုင်း မျှတသည့် နစ်နာကြေးကို ခံစားခွင့်ရှိသည်ဟု HanesBrands က ခံယူထားပါသည်။

ထို့အပြင် (လုပ်ခအပြင် ဘောနပ်စ်နှင့် လစာတွင် မပါသော်လည်း ခံစားခွင့်ပြုထားသည့် အရာများ၊ အိုဗာတိုင်ကြေး မပါဝင်ပါ) စုစုပေါင်း နစ်နာကြေးသည် အလုပ်သမားများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်ပြီး ဝင်ငွေပိုလျှံနေရမည်ဟုလည်း HanesBrands က ဆက်လက်ခံယူထားပါသည်။ ထိုသို့သော မျှတသည့် ပမာဏရှိသည့် နစ်နာကြေးကို ပံ့ပိုးပေးရန် ပစ္စည်းသွင်းသူများကို တိုက်တွန်းအပ်ပါသည်။ ဤပန်းတိုင်သို့ မရောက်ရှိသေးပါက ပစ္စည်းသွင်းသူများသည် သတ်မှတ်နစ်နာကြေးပမာဏသို့ တစ်ဆင့်ချင်းတက်လှမ်း ပေးစွမ်းနိုင်စေမည့် သင့်လျော်သော အဆင့်များကို ကျွန်ုပ်တို့နှင့်အတူ လုပ်ဆောင်ရပါမည်။

## ခွဲခြား မဆက်ဆံရ-

ပစ္စည်းသွင်းသူများသည် လူတစ်ယောက်၏ လူမျိုး၊ အသားအရောင်၊ လိင်၊ မူရင်း နိုင်ငံသား (သို့မဟုတ် လူမျိုးစု)၊ အသက်၊ ကိုးကွယ်သည့်ဘာသာ၊ မသန်စွမ်းမှု၊ လိင်စိတ် တိမ်းညွတ်မှု၊ လိင်ကွဲပြားမှု၊ စစ်တပ်ထဲဝင်မှု၊ အိမ်ထောင်ရေး အခြေအနေနှင့် အခြား ကာကွယ်ပေးထားသော စရိုက်လက္ခဏာများ သို့မဟုတ် ယုံကြည်မှုများကို အခြေခံပြီး ဝန်ထမ်းငှားရမ်းခြင်း၊ နစ်နာကြေးပေးခြင်း၊ ရာထူးတိုးပေးခြင်း၊ စည်းကမ်းကြပ်မတ်ခြင်း၊ အလုပ်မှရပ်စဲခြင်း သို့မဟုတ် ပင်စင်ပေးခြင်းတို့တွင် ခွဲခြားဆက်ဆံခြင်း မပြုရ။ HanesBrands သည် အားလုံးကို တန်းတူညီမျှ အခွင့်အရေးပေးသော ပစ္စည်းသွင်းသူများကို မျက်နှာသာပေးပါမည်။

## အတင်းအကြပ် စေခိုင်းထားသော လုပ်သား-

ပစ္စည်းသွင်းသူများသည် ကျွန်ခံ၍ အကြွေးဆပ်ခိုင်းခြင်း အပါအဝင် ခံဝန်ထိုးခိုင်း၍ ဖြစ်စေ၊ သုံ့ပန်းအဖြစ် ဖြစ်စေ၊ စာချုပ် ချုပ်ဆို၍ဖြစ်စေ အတင်းအကြပ်၊ မိမိသဘောဆန္ဒမပါသော လုပ်သားကို အသုံးပြု စေခိုင်းခြင်း မပြုရ။

## အဖွဲ့အစည်းတွင် လွတ်လပ်စွာ ပါဝင်ခွင့်နှင့် အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ညှိနှိုင်းဆွေးနွေးခြင်း-

ပစ္စည်းသွင်းသူများသည် အဖွဲ့အစည်းများတွင် ဝန်ထမ်းများ လွတ်လပ်စွာပါဝင်ခွင့်ကို အသိအမှတ်ပြု လေးစားရပါမည်။ အလားတူပင် ပစ္စည်းသွင်းသူများသည် အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ညှိနှိုင်းဆွေးနွေးမှုကို ဝန်ထမ်းများ လက်ခံခြင်း၊ လက်မခံခြင်းအတွက် လုပ်ပိုင်ခွင့်များကိုလည်း အသိအမှတ်ပြု၍ လေးစားရပါမည်။

## ဘေးကင်းရေးနှင့် ကျန်းမာရေး-

ပစ္စည်းသွင်းသူများသည် ၎င်းတို့၏ ဝန်ထမ်းအားလုံးအတွက် ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ကို ဖန်တီးပေးရမည်။ ဘေးကင်းမှုမရှိသော ပြုမူဆောင်ရွက်ချက်များနှင့် အခြေအနေများကို ဖယ်ရှားသုတ်သင်၍ မိမိတို့၏ အလုပ်သမားများ၊ ဖောက်သည်များနှင့် ပြည်သူလူထုတို့ အန္တရာယ်မကျရောက်စေအောင် ကာကွယ်ပေးရန်လည်း ပစ္စည်းသွင်းသူများက အလေးထားဆောင်ရွက်ရမည်။ သက်ဆိုင်ပါက ၎င်းသည် အိမ်ယာနှင့် အစားအသောက်များ ကျွေးမွေးသည့် အဆောက်အအုံများအပေါ်လည်း သက်ရောက်မှု ရှိပါသည်။

## အလုပ်ခွင်တွင် ထိပါးနှောင့်ယှက်မှု သို့မဟုတ် အလွဲသုံးစားပြုမှု-

ပစ္စည်းသွင်းသူများသည် ဝန်ထမ်းများကို စည်းကမ်းကြပ်မတ်ရန်အတွက် ကိုယ်၊ နှုတ်၊ စိတ် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို အသုံးပြုခြင်း၊ ရိုက်နှက်ခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက် အပြစ်ပေးခြင်းတို့ မပြုလုပ်ရ။

## အလုပ်ချိန်-

ပစ္စည်းသွင်းသူများသည် အလုပ်ချိန်နှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသော ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရမည်။ ချွင်းချက်အခြေအနေများမှလွဲ၍ အလုပ်သမားများသည် ဥပဒေအရ ကန့်သတ်ချိန်ထက်ကျော်လွန်၍ဖြစ်စေ၊ တစ်ပတ်လျှင် ပုံမှန် အလုပ်ချိန် ၄၈ နာရီနှင့် အိုဗာတိုင် ၁၂ နာရီထက် ကျော်လွန်၍ဖြစ်စေ (ပိုနည်းသည့် အလုပ်ချိန်ထက် ကျော်လွန်၍) အလုပ်မလုပ်ရ။ ပစ္စည်းသွင်းသူများသည် အလုပ်သမားများကို ၆ ရက်ဆက်တိုက် အလုပ်လုပ်ခိုင်းပြီးနောက် အနည်းဆုံး ၂၄ နာရီဆက်တိုက် အနားယူခွင့် ပေးရမည်။ အိုဗာတိုင်ဆင်းပေးရန် ပုံမှန် မတောင်းဆိုရသလို အလုပ်သမား၏ သဘောဆန္ဒအရ ဆင်းခိုင်းရမည်။

## ပတ်ဝန်းကျင်-

သဘာဝပတ်ဝန်းကျင်ကို သေချာစွာ စီမံခန့်ခွဲခြင်းဖြင့် ကမ္ဘာတစ်လွှားရှိ သဘာဝပတ်ဝန်းကျင် အရည်အသွေးကို ကာကွယ်ရန် ကုမ္ပဏီ၏ အလေးထားဆောင်ရွက်မှုကို မျှဝေဆောင်ရွက်သည့် ပစ္စည်းသွင်းသူများနှင့်သာ HanesBrands က ယုံကြည်စွာ လက်တွဲဆောင်ရွက်ပါသည်။ ပစ္စည်းသွင်းသူများသည် ပြဋ္ဌာန်းထားသော သဘာဝပတ်ဝန်းကျင် ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရမည့်အပြင် လိုက်နာမှုမရှိသည့် ဆောင်ရွက်ချက်များ ရှိပါကလည်း ပြင်ဆင်ရန်အတွက် အစီအစဉ်များ သို့မဟုတ် စီမံချက်များကို သတ်မှတ်ဖော်ဆောင်ရပါမည်။ ပစ္စည်းသွင်းသူများသည် စွန့်ပစ်ပစ္စည်းများကို လျှော့ချနိုင်စေမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်၍ မိမိတို့၏ ဆောင်ရွက်ချက်ကြောင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုကို လျှော့ချ၊ လျော့ပါးစေရန် တာဝန်ယူ ဆောင်ရွက်ရမည်။

## အကျင့်ပျက် ခြစားမှုကို တိုက်ဖျက်ခြင်း-

HanesBrands သည် နိုင်ငံခြား အကျင့်ပျက်ခြစားမှု အက်ဥပဒေနှင့် ယူကေ လာဘ်စားမှု အက်ဥပဒေအပါအဝင် ပြဋ္ဌာန်းထားသော ဥပဒေအားလုံးကို တစ်သဝေမတိမ်း လိုက်နာပြီး ပစ္စည်းသွင်းသူများအနေဖြင့်လည်း ယင်းသို့လိုက်နာရပါမည်။ ပစ္စည်းသွင်းသူများသည် HanesBrands ၏ လုပ်ငန်းအကျိုးစီးပွား တိုးတက်စေရန်အတွက် လာဘ်မထိုးရ သို့မဟုတ် အကျင့်ပျက် ခြစားမှုများတွင် မပါဝင်ရ။ ယင်းတွင် အစိုးရ အရာရှိများ သို့မဟုတ် အခြားပုဂ္ဂိုလ်များ၏ လုပ်ရပ်များ သို့မဟုတ် ဆုံးဖြတ်ချက်များကို လွှမ်းမိုးရန် ရည်ရွယ်ချက်အတွက် ဒေသခံ အစိုးရ အရာရှိများ၊ နိုင်ငံရေး ပါတီများ၊ နိုင်ငံရေးရုံးအတွက် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် တစ်သီးပုဂ္ဂလများကို ငွေကြေး သို့မဟုတ် တန်ဖိုးရှိသည့်အရာတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကမ်းလှမ်းခြင်း၊ ပေးရန် ကတိပြုခြင်း သို့မဟုတ် ပေးခွင့်ပြုခြင်းတို့ ပါဝင်ပါသည်။



© 2022 Hanesbrands Inc. လုပ်ပိုင်ခွင့်အားလုံးကို ထိန်းသိမ်းထားရှိသည်။